## နိဂုံးချုပ်

## စဉ်းစားတတ်ရန်အတွက် စဉ်းစားကြပါစို့

ယခုကဲ့သို့ သတင်းနှင့်ပြန်ကြားရေးခေတ်ကြီးတွင် ကမ္ဘာလောကတစ်ခုလုံးသည် သတင်းအချက်အလက်အမြောက်အများကို စဉ်ဆက်မပြတ် တိုးပွားထုတ်လုပ်လျက် ရှိနေသည်ဖြစ်ရာ ကျွန်ုပ်တို့တွင် ရရှိလာသောသတင်းများကို ပဲ့ကိုင်ထိန်းချုပ်နိုင်ရန်အတွက် လိုအပ်သည့် ဉာဏ်ပညာအရင်းအမြစ်သည် မည်သည့်အချိန်တွင်မှ အလုံအလောက် ရရှိနိုင်ကြလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ တိုးတက်မြင့်မားလာသော စဉ်းစားဆင်ခြင်မှုလုပ်ငန်းစဉ်ကသာလျှင် ကျွန်ုပ်တို့၏ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မည်သည့် သတင်းအချက်အလက်များကို ဖယ်ရှားသင့်သည်၊ မည်သည့်သတင်းအချက်အလက်များကို လက်ခံစဉ်းစားသင့်သည် အစရှိသဖြင့် နည်းလမ်းတကျ ဆောင်ရွက်နိုင်စွမ်းရှိပြီး အလေးအနက်ထား ဂရုပြုရမည့်အချက်များကို လိမ္မာပါးနပ်စွာ မီးမောင်းထိုးပြ၍ ရွေးချယ်ပေးနိုင်ပေလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်ယုံကြည်ပါသည်။ အနာဂတ်တွင် အမြော်အမြင်နှင့်ပြည့်စုံသောအဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာနအများစုသည် ပြီးခဲ့သည့် အခန်း (၁၂) ခန်း၌ တစ်စိတ်တစ်ဒေသ ဖော်ပြထားခဲ့သည့် “သိမှတ်တတ်သောအမြင်” ဟူသည့် သိပ္ပံပညာရပ်ဆိုင်ရာ တွေ့ရှိချက်အသစ်များကို သုံးစွဲလာကြရပါလိမ့်မည်။ (၂၁) ရာစု၏ တံခါးဝတွင် ကြုံတွေ့ရမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အခက်အခဲပြဿနာများကို ရင်ဆိုင်တိုက်ခိုက်နိုင်ရန်အတွက် အဓိကကျသော နည်းဗျူဟာတစ်ခုသည် “သိမှတ်တတ်သောအမြင်” လုပ်ထုံးစည်းမျဉ်းပင် ဖြစ်ပါလိမ့်မည်။ ကောင်းမွန်သော စဉ်းစားဆင်ခြင်မှုသည် မည်ကဲ့သို့သော အောင်မြင်ဖြစ်ထွန်းမှုများကို ပေးဝေနိုင်သည်ဆိုသည့် အချက်ကိုလည်းကောင်း၊ သာမန်ဆင်ခြင်တုံတရား၌ မည်သည့်အမှားအယွင်းများ ဖြစ်ပေါ်စေနိုင်သည်ဆိုသည့်အချက်ကိုလည်းကောင်း၊ ကောင်းစွာနားလည်ခြင်းဖြင့် ယခုအခါ ကျွန်ုပ်တို့အား ဝိုင်းရံလျက်ရှိသော အနမတဂ္ဂ သတင်းအချက်အလက်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ကြပေလိမ့်မည်။ ခေတ်သစ်ကမ္ဘာ၌ မတန်တဆ ကြီးမားကျယ်ပြန့်လျက်ရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အရှုပ်အထွေးများကိုလည်း ဤနည်းဖြင့်ပင် ဖြေရှင်းကြရပေလိမ့်မည်။

၁၉၄၀ ပြည့်လွန်နှစ်များအတွင်း ဒုတိယကမ္ဘာစစ်အတွက် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ တွက်ချက်မှုများမှ ပေါက်ဖွားလာခဲ့သည့် “လုပ်ငန်းဆောင်တာစူးစမ်းရှာဖွေမှု” (**Operations Research**) စည်းမျဉ်းသည် အဖွဲ့အစည်းဆိုင်ရာ ပြဿနာများကို သင်္ချာဆန်သော နည်းလမ်းဖြင့် တွက်ချက်အဖြေရှာခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင်မူ လုပ်ငန်းဆောင်တာ စူးစမ်းရှာဖွေမှု၏ ဘောင်ကျဉ်းမြောင်းမှုအပေါ် တုန့်ပြန်သောအားဖြင့် “စနစ်များခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း” (**Systems Analysis**) စည်းမျဉ်းကို ပြုပြင်ပြောင်းလဲသုံးစွဲခဲ့ကြပြန်ပါသည်။ ကျွန်ုပ်တို့အသိုင်းအဝိုင်းအတွင်း၌ ယခုအချိန်တိုင်အောင် သုံးစွဲနေကြဆဲဖြစ်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်အချို့သည် အဆိုပါကာလများ

အတွင်းက ပေါက်ဖွားရှင်သန်ခဲ့သည့် စည်းမျဉ်းများပင်ဖြစ်ပါသည်။ ဤစည်းမျဉ်းများ၏ နောက်ပိုင်းတွင် ဆယ်စုနှစ်တိုင်း၌ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းသစ်များသည် ဦးတည်ချက်အသစ်များအဖြစ် ထွက်ပေါ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ယခု "သိမှတ်တတ်သောအမြင်" စည်းမျဉ်းသည် (၂၀) ရာစုနောက်ဆုံးကာလ၏ ဖြစ်ထွန်းမှုအသစ်တစ်ခုဖြစ်ပါသည်။ စက်မှုနည်းပညာအသစ်များ၊ ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှုများ၊ ပတ်ဝန်းကျင်ရေးရာ ကန့်သတ်ချက်များသည် စိတ်ပိုင်းဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် ထက်မြက်သောချိန်ဆမှုကို အကြီးအကျယ်လိုလားတောင့်တလျက် ရှိနေကြပါသည်။ ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ်မှုများသည် အိုမင်းရင့်ရော်ပြီး ခေတ်နောက်ပြန်ကျန်ရစ်ခဲ့ရန် မသင့်တော့ပါ။ ယခုအကောင်းဆုံးဟုဆိုသောသိမှတ်တတ်သော အမြင်စည်းမျဉ်းသည်ပင်လျှင် မနက်ဖြန်အတွက် အကောင်းဆုံးစီမံခန့်ခွဲမှု နည်းလမ်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်စွမ်း ရှိလိမ့်မည်မဟုတ်ပါ။ မျက်မှောက်ခေတ်တွင် မည်သည့်ယှဉ်ပြိုင်မှုကိုမဆို အင်အားသာလွန်ခြင်းဖြင့် မဆုံးဖြတ်နိုင်တော့ပါ။ အကျယ်ပြန့်ဆုံးသောအမြင်ကို လျင်မြန်စွာသိမှတ်နိုင်စွမ်းရှိခြင်းဖြင့်သာ ဆုံးဖြတ်လျက်ရှိနေကြပြီဖြစ်ကြောင်း သတိချပ်မိရန် လိုအပ်ပေသည်။

ဤစာအုပ်တွင် ကျွန်ုပ်တို့၏ စဉ်းစားပုံစဉ်းစားနည်းနှင့် ဆုံးဖြတ်ချက်ချမှတ်နည်းများကို ပိုမိုတိုးတက်ကောင်းမွန်စေမည့် အယူအဆများ၊ လက်သုံးကိရိယာများ ထုတ်ပေးထားပါသည်။ ယင်းတို့သည် မည်သည့်ပုဂ္ဂိုလ်၏ အလုပ်အကိုင်စွမ်းဆောင်နိုင်မှုမျိုးကိုမဆို ချက်ချင်း မြှင့်တင်ပေးနိုင်လိမ့်မည် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အားလုံး သိပြီးသားဖြစ်နေကြသည်မှာ စာအုပ်က မည်မျှကောင်းမွန်သောအကြံဉာဏ်များ ပေးထားစေကာမူ စာအုပ်သည် စာရှုသူ၏ အပြုအမူကို အနည်းအကျဉ်းမျှသာ ပြောင်းလဲစေနိုင်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ ဤကြမ္မာဆိုးမျိုးမှ ကျွန်ုပ်တို့အားလုံး လွတ်မြောက်ကြရန်လိုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ကို အခန်း (၁၂) တွင် ဖော်ပြထားသည့် နည်းစနစ်အတိုင်း စေ့စပ်သေချာစွာ စစ်ဆေးပြီး နည်းမှန်လမ်းမှန် ပြောင်းလဲကျင့်သုံးသွားကြပါ။ အကောင်းဆုံးနှင့် အပြည့်ဝဆုံး အောင်မြင်မှုများဆီသို့တက်လှမ်းရာတွင် အလိုအပ်ဆုံးသော စဉ်းစားတွေးခေါ်မှု လုပ်ငန်းစဉ်များကို နာလည်အောင် စဉ်းစားကြပါ။ သိမှတ်တတ်သောအမြင်သည် ကျွန်ုပ်တို့အား များစွာ အကူအညီပေးပါလိမ့်မည်ဟု တင်ပြလိုက်ရပါသတည်း။